Myanmar National Airlines
104 Kanna Road
Kyauktada Township
Yangon
Myanmar
www.flymna.com

# ဝယ်ယူရေးသဘောတူစာချုပ်




စာချုပ်အမှတ်စဥ် ။ ၀၄ / ၂၀၂၃ -၂၀၂၄

ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ၊ ဇူလိုင်လ(၂၅) ရက်

၁။ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊မြန်မာအမျိုးသားလေကြောင်း ၊လေယာဥ်မြေပြင်ဝန်ဆောင်မှုဌာနတွင်အသုံးပြုရန်လိုအပ်လျက်ရှိသောVacuumCleaner(၄)လုံးဝယ်ယူရေးအတွက်အောက်ဖော်ပြပါစည်းကမ်းချက်များပါဝင်သောအရောင်းအဝယ်စာချုပ်ကို၂၀၂၃ခုနှစ်၊ဇူလိုင်လ( )ရက်နေ့တွင်လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုကြပါသည် ။ဤစာချုပ်ပါ"ဝယ်ယူသူ"ဟူသောစကားရပ်သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ မြန်မာအမျိုးသားလေကြောင်းအားကိုယ်စားပြု၍"ရောင်းချသူ"ဟူသော စကားရပ်သည် Winning Way Co.,Ltd အား ကိုယ်စားပြုပါသည်။

၂။ Vacuum Cleaner(၄)လုံး၏ စုစုပေါင်းတန်ဘိုးငွေမှာ တစ်လုံးလျှင် ကျပ် ၄,၃၂၀,၀၀၀/-နှုန်းဖြင့် (၄)လုံးအတွက် ကျပ် ၁၇,၂၈၀,၀၀၀/-( ကျပ် တစ်ရာခုနှစ်ဆယ့်နှစ်သိန်းရှစ်သောင်းတိတိ)ဖြစ်ပါသည်။

၃။ **ငွေပေးချေမှုအစီအစဉ်**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့်VacuumCleane(၄)ခုအတွက်ကျသင့်ငွေအားအောက်ဖော်ပြပါအတိုင်းပေးချေရမည်-

(က) စာချုပ် ချုပ်ဆိုပြီးနောက် စုစုပေါင်းတန်ဘိုး၏ (၃၀ %)ဖြစ်သော ငွေကျပ် ၅,၁၈၄,၀၀၀/-((ကျပ်ငါးဆယ့်တစ်သိန်းရှစ်သောင်းလေးထောင်တိတိ)အားပေးချေမည် ။

(ခ) ပစ္စည်းလက်ခံစီစစ်ရရှိပြီးပါက စုစုပေါင်းတန်ဘိုး၏ ကျန်ငွေ(၆၀%)ဖြစ်သော ငွေ ကျပ် ၁၀,၃၆၈,၀၀၀/-(ကျပ်တစ်ရာ့သုံးသိန်းခြောက်သောင်းရှစ်ထောင်တိတိ)အားပေးချေမည်။

(ဂ) နောက်ဆုံးအရစ်ပေးချေချိန်တွင် ၂% ကို with Holding Tax အဖြစ်ဖြတ်တောက်မည် ။

(ဃ) Invoice တွင် Commercial Tax ၅% ထည့်သွင်းဖော်ပြရမည် ။ ပစ္စည်းရောက်ရှိလက်ခံစစ်ဆေးအတည်ပြုပြီး Commercial Tax ၅% ပေးသွင်းပြီးကြောင်း နှင့် ကသခ(၃၁)ပေးမှသာနောက်ဆုံးအရစ်(၁၀%)အားထုတ်ပေးမည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000



ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

၄။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း သို့ပစ္စည်းများရောက်ရှိသည့်အခါအရည်အသွေးစစ်ဆေးရေးအဖွဲ့မှသတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့်ကိုက်ညီမှုရှိ/မရှိ ကျေနပ်အောင်စစ်ဆေးပြီးမှ လက်ခံရယူမည်ဖြစ်ပါသည်။

၅။ ရောင်းချသူသည် အောက်ဖော်ပြပါအချက်များကို အာမခံပေးရမည်-

(က) ရောင်းချသူသည်ပေးသွင်းသောVacuum Cleaner(၄)ခုကိုမြန်မာအမျိုးသားလေကြောင်း သို့ (၃၁-၁၂-၂၀၂၃) ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။

(ခ) ရောင်းချသူမှတင်သွင်းသော Vacuum Cleaner (၄)ခုသည် ဈေးနှုန်းတင်သွင်းလွှာပါ စံချိန်၊ စံညွှန်းများနှင့် ကိုက်ညီရမည်။

(ဂ) ရောင်းချသူမှတင်သွင်းသောပစ္စည်းများသည်အသုံးမပြုရသေးသောပစ္စည်းများဖြစ်ကြောင်း တာဝန်ယူရမည်။

(ဃ) ရောင်းချသူမှတင်သွင်းသောပစ္စည်းများအားအရည်အသွေးနှင့် စံသတ်မှတ်ချက် ကိုက်ညီမှု မရှိခြင်းကြောင့် သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့မှ ငြင်းပယ်ပါက ရောင်းချသူသည် မိမိစရိတ်ဖြင့်ပြန်လည်အစားထိုးပေးပို့ရမည်။

(င) ပစ္စည်းများကို ရုံးချိန်အတွင်းသာ ပေးသွင်းရမည်။

(စ) ပစ္စည်းများကို သတ်မှတ်ထားသည့်နေ့ရက်အတွင်းပို့ဆောင်နိုင်ခြင်းမရှိပါက တစ်ရက်လျှင် ကျပ် ၁၀၀၀၀၀ိ/-(ကျပ်တစ်သိန်းတိတိ)အား ပစ္စည်းနောက်ကျကြေးပေးသွင်းခြင်းအတွက် ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည် ။ ပစ္စည်းပေးသွင်းခြင်း နောက်ဆုံးသတ်မှတ်ထားသည့် နေ့ရက်မှ ရက်ပေါင်း(၁၅၀) အတွင်း ပေးသွင်းခြင်းမပြုပါက ငွေပေးချေမှု အာမခံအဖြစ် ကြိုတင်ပေးငွေ (၁၀%)အား နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်း၍ ကုမ္ပဏီအား Black Lick စာရင်းသွင်းမည်ဖြစ်ပါသည်။

၆။ စာချုပ်ပါတင်သွင်းသည့်ပစ္စည်းများအားမြန်မာအမျိုးသားလေကြောင်းသို့(၃၁-၁၂-၂၀၂၃)ရက်နေ့အတွင်း အရောက်ပေးပို့ရမည်ဖြစ်သော်လည်း လက်ခံနိုင်သည့် ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့်လည်းကောင်း နိုင်ငံရေးမငြိမ်သက်မှုဖြစ်ရပ်များကြောင့်လည်းကောင်း၊ ကြန့်ကြာမှုရှိပါက နှစ်ဦးသဘောတူညီချက်ဖြင့်ပစ္စည်း ပေးသွင်းမည့်ရက်ကို ပြန်လည်သတ်မှတ်ပါမည်။

၇။ အထက်အကြောင်းအရာပါ အချက်အလက်တို့အား နှစ်ဦးနှစ်ဘက် ချွင်းချက်မရှိသေချာစွာနားလည် သဘောပေါက်က၍ ဤစာချုပ်ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ( )ရက်နေ့တွင် အောက်ပါအသိသက်သေများရှေ့

မှောက်တွင် လက်မှတ်ရေးထိုးစာချုပ် ချုပ်ဆိုကြပါသည်။

| မြန်မာအမျိုးသားလေကြောင်း | Winning Way Co.,Ltd |
|---|---|
| လက်မှတ် - | လက်မှတ်- |
| အမည် အထောက်အကူပြုဝန်ဆောင်မှုဌာနမှူး အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာန | အမည် - Chit San Ko |
| ရာထူး - မြန်မာအမျိုးသားလေကြောင်း | ရာထူး - Assistant General Manager |

အသိသက်သေများ

| | |
|---|---|
| လက်မှတ် - | လက်မှတ်- |
| အမည် - | အမည် - Thiha Thein Aung |
| ရာထူး - (Admin) | ရာထူး - Sale Manager |

မန်နေဂျာ
အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းဌာန
မြန်မာအမျိုးသားလေကြောင်း